
Tae Ra
ချစ်စိတ်လေးတွေ မှုံးမှိုင်စေ
(ရှီလော့စန်း)
စာစဉ် - ၂

## အခန်း ၂၁

## မစ္စတာချန် ရှီလုပ်ငန်းစုက ယီကျင်ရှီးက တွေ့ခွင့်တောင်းနေတယ်...

ရှောင်စီပြောသည်ကို ကြားတော့ ချန်ကျွင်းထင် လော့စန်းကို လှမ်းကြည့်လိုက်မိသည်။ သူ ဘာမှတော့ မပြောဖြစ်။

လော့စန်း အခါးရည်နှပ်နေပုံမှာ အမှန်တကယ်ပင် ကျင်လည်တတ်ကျွမ်းပုံ ပေါ်နေသည်။

"မင်း အရင်တုန်းက အခါးရည်နှပ်တာကို သင်တန်းတွေ ဘာတွေ တက်ပြီး သင်ထားဖူးတာလား"

သူ မေးလိုက်သည်။

လော့စန်းကတော့ အသာပြုံးလျက် ပြန်ဖြေသည်။

"အသက်အရွယ်လေးရလာတော့၊ အတွေ့အကြုံရင့်လာတယ်ပြောရမလား..."

ချန်ကျွင်းထင် အေးတိအေးစက် နှာခေါင်းရှုံ့လိုက်ကာ ဆိုသည်။

"မင်းကတော့ အစား စားဖို့ကလွဲရင် ဘာမှ သိမဲ့ တတ်မဲ့ပုံလဲ မပေါ်ဘူး၊ နည်းနည်းလေး ချီးကျူးမိရင်လဲ ဂုဏ်ကဆာတတ်သေး၊ အဲဒီလောက် တကယ်ကြီး တော်နေ ထက်နေရင် ရောင်းမထွက်တဲ့ အပျိုကြီးဖြစ်ပြီး ကျန်နေပါ့မလား..."

လော့စန်း ပါးစပ်ဟလိုက်မိသော်လည်း ပြန်ပိတ်လိုက်ရသည်။ သူ့မှာ ပြန်

မချေပတတ်တော့။ ချွန်ကျွင်းထင်က သူ့ကို အဘယ်ကြောင့်များ စားဖို့ သောက်ဖို့သာ သိသူဟု ထင်မြင်နေမှန်း လော့စန်း နားမလည်။

ရှောင်စီ ချွန်ကျွင်းထင်ကို လှည့်ကြည့်လိုက်ပြီး ဝင်ပြောရတော့သည်။

"ထင်ထင် မင်းကလဲ... ဒီလိုမျိုး စိတ်ပုပ်မနေနဲ့ကွာ၊ စကားနာလိုက်ထိုးနေရလား။ လာ အလုပ်ကိစ္စပဲ ပြောရအောင်... ခဏနေရင် လူတစ်ယောက် ရောက်လာပြီး စီမံကိန်းတစ်ခုအကြောင်း ဆွေးနွေးတင်ပြလိမ့်မယ်၊ ငါ့ မျက်နှာလေးထောက်ပြီး သူ့ကို တွေ့ကြည့်ပေး ဟုတ်ပြီလား၊ ငါ့မိတ်ဆွေ တစ်ယောက်က မိတ်ဆက်ပေးထားတာ ဆိုတော့ကာ... သူ့ကို မိတ်ဖြစ်ဆွေ ဖြစ်လေး တွေ့ကြည့်ပေါ့"

"ဘယ်သူတုန်း..."

ချွန်ကျွင်းထင်က မေးသည်။

"ယီကျင်ရှီး ရှိလုပ်ငန်းစု ဥက္ကဋ္ဌ..."

ခွမ်း...!

လော့စန်းက ရေနွေးကြမ်းကရား ပြန်ဖြည့်ရန် သွားနေစဉ်ဖြစ်၏။ သို့သော်လည်း ထိုအမည်ကို ကြားတော့ လော့စန်း ခြေလှမ်းတွေ မမှန်နိုင်တော့၊ ကုလားထိုင်တစ်လုံးကို ဝင်တိုက်မိကာ လဲကျတော့မည့်စဲစဲဖြစ်သွားရလေသည်။ သူ့ကိုယ်သူ ဟန်ချက်တောင် မနည်းပြန်ထိန်းလိုက်ရသည်။ ပြီးတော့ သူ ဘာသံမှလည်း မကြားနိုင်တော့။ နားထဲမှာပါ အူနေသယောင်။ ချွန်ကျွင်းထင်၏ ဒေါသတကြီး အော်ဟစ်နေသံကြားမှ သူ သတိပြန်ဝင် တော့သည်။

"ဘာကြောင့် ဒီလောက် နမော်နမဲ့ နိုင်နေရတာလဲ" ချွန်ကျွင်းထင် ပြောခဲ့ သည်။

"ကျွန်မ… ကျွန်မ တောင်းပန်ပါတယ်"

လော့စန်း တောင်းပန်လိုက်သည်။ သူ့စိတ်ခံစားချက်များကို သူတစ်ပါး သတိပြုမိသွားမည်ကိုလည်း စိုးမိသည်။ ထို့ကြောင့် လော့စန်းမှာ ခေါင်းပင် မမော့ရဲ။ သူတို့နှင့် မျက်နှာချင်းဆိုင်ရမည့်အစား သောက်ရေစက်မှ ရေကို ကရားထဲ ဖြည့်နေလိုက်လေသည်။

သူ့လက်တွေ တုန်နေခဲ့မှန်း သူတစ်ယောက်သာ သိသည်။

နယ်မြေစိမ်းသို့ရောက်လာပြီးနောက်ပိုင်း ယီကျင်ရှီးနာမည်ကို ပြန်ကြားရဖို့ လော့စန်း မမျှော်လင့်ထားမိ။ သူနှင့် တည့်တိုးတွေ့ဖို့ဆိုလျှင် ပို၍ပင် မမျှော်လင့်ထား။

တစ်ချိန်တုန်းက လော့စန်း ထိုလူသားကို ချစ်ခဲ့ဖူးသည်။ အချိန်အကြာကြီး ချစ်ခဲ့ဖူးသည်။ သို့သော်လည်း ယခုတော့ သူ့နာမည်ကြားရရုံနှင့် လော့စန်းရင်မှာ အမုန်းတွေသာ ပြည့်နေခဲ့ပြီ။ လော့စန်း သူ့ရင်ကို အစိမ်းလိုက်ခွဲကြည့်ချင်သည်။ သူ့မှာ နှလုံးသားရှိသေးရဲ့လား သိချင်မိသည်။ ပြီးတော့ သူ အဘယ်ကြောင့် ဤမျှ ရက်စက်ရက်ပါသလဲဟု လော့စန်း မေးကြည့်ချင်သည်။

သို့ရာ၌ ယခုအချိန်က လော့စန်း ယီကျင်ရှီးနှင့် တွေ့လို့ရသည့် အချိန် မဟုတ်သေး။

ထိုစဉ် ချွန်ကျွင်းထင်၏ အထင်သေးရှုံ့ချသံ ထွက်ပေါ်လာခဲ့သည်။

"ယီကျင်ရှီး…အဲ့ဒါ အရင်တစ်ခေါက်က မင်းပြောတဲ့ တစ်ယောက် မဟုတ်လား၊ မိန်းမတစ်ယောက်ကို ချူတွယ်ကပ်ပြီး ရှို့လုပ်ငန်းစုကို လုထားတဲ့ ကောင်လား…"

"အဲ့လိုကြီးတော့ မပြောနဲ့လေ"

ရှောင်စီက ဆိုသည်။ "အဲ့ဒီလူ ကလိန်ကကျစ်ကျတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ဘယ်စီးပွားရေးသမားကတော့ ဖျံမကျဘဲ နေမလဲ၊ မြစ်ရှေ့ကမ်း ဘက်က ဟို ဆောက်လက်စ Outdoor ရိုက်ကွင်း စတူဒီယိုကြီးလေ၊ Capital chain မနိုင်တော့လို့ဆိုပြီး တန်းလန်းဖြစ်နေတာ... ယီကျင်ရှီးက အဲ့ဒါကို လက်လွှဲယူပြီး လုပ်နေတာ၊ ဒါပေမဲ့ သူ့မှာ ရန်ပုံငွေမလောက်လို့... ငါတို့နဲ့ ဖက်စပ်လုပ်ချင်တယ်တဲ့၊ ကိုယ်တွေက ရှယ်ယာရှင်ဖြစ်မှာပေ့ါ... ဝင် မလုပ် ချင်လဲ ဒီပရောဂျက်မှာ ရင်းနှီးမြုပ်နှံမဲ့သူ ရှာပေးဖို့ အကူအညီတောင်းထား တာ၊ ကော်မရှင်ခအနေနဲ့ 15% ပေးမယ်တဲ့ကွာ... စဉ်းစားသင့်တယ်နော်၊ ဒီ case က ဖြစ်ထွန်းနိုင်ခြေရှိတယ်"

လော့စန်း ရပ်သွားမိသည်။ မြစ်ရှေ့ကမ်းက Outdoor တူဒီယိုအကြောင်း သူ ကြားဖူးသည်။ ထိုစတူဒီယိုတန်ဖိုးက ဘီလီယံချီလျက်ရှိသည်တဲ့။ ယီကျ င်ရှီးမှာ စတူဒီယိုကို လက်လွှဲယူဖို့ ထိုမျှပမာဏငွေရင်းရှိမည် မထင်ခဲ့။ လော့စန်း သူ့ကို အထင်သေးခဲ့မိသည်ပဲ၊ သူ လော့စန်း အပေါ် လျှို့ဝှက်ချက် တွေ ဘယ်နှစ်ခုများ ထားခဲ့သေးသလဲ မသိ။ လော့စန်း သူနှင့် ပထမဆုံး တွေ့ဆုံပုံကို မှတ်မိသေးသည်။ ယီကျင်ရှီးမှာ အရည်ချင်းရှိသော သာမန်လူ တစ်ယောက်၊ မိသားစုနောက်ခံကတော့ မရှိ။

Outdoor ရိုက်ကွင်းစတူဒီယိုသာ အောင်မြင်သွားလျှင် ယီကျင်ရှီးသည် ရုပ်ရှင်လောက၌ ဩဇာကြီးမားသူတစ်ဦးဖြစ်လာနိုင်သည်။

ချန်ကျွင်းထင်ကတော့ နှုတ်ခမ်းပါးများကို တွန့်ချိုးလျက်၊

"အင်း ဒီလူယီကျင်ရှီးက ရည်မှန်းချက်တော့ ကြီးသားပဲ၊ ကြည့်ရတာ ရှီ လုပ်ငန်းစုကို အပိုင်ရတာတောင် မကျေနပ်နိုင်သေးပုံရတယ်... Outdoor စတူဒီယိုကြီးသာ ဆောက်လိုက်နိုင်ရင် ခရီးသွားလုပ်ငန်းရော ရုပ်ရှင် လုပ်ငန်းကိုပါ ခြေကုပ်ရထားမယ်လေ၊ တစ်နေ့နေ့ကျရင် ဒီလူ အနေပညာ

လောကမှာ မင်းမူတော့မှာပဲ..."

"အဲ့ဒါကြောင့် ဒီ case က ငါတို့ စဉ်းစားသင့်တယ်ပြောတာပေါ့" ရှောင်စီ က ပြောသည်။

လုခန်း တံခါးခေါက်လာသည်။ ထို့နောက် အထဲဝင်လာပြီး ပြော၏။

"မစ္စတာနျန်၊ ရှီလုပ်ငန်းစုက မစ္စတာယီဆိုသူ အောက်ထပ်ရောက်နေပါပြီ... သူက မစ္စတာနျန်ကို တွေ့ခွင့်တောင်းနေတယ်၊ မစ္စတာရှောင်ကတဆင့် ကြိုတင်ချိန်းဆိုမှု လုပ်ပြီးပြီလို့ ပြောပါတယ်"

"တက်လာခိုင်းလိုက်..."

နျန်ကျွင်းထင် ပြောပုံက ခပ်ပြတ်ပြတ်နိုင်လှသည်။

လော့စန်းလည်း ရင်တုန်ပန်းတုန်ဖြစ်သွားမိသည်။ သူ လက်ရှိဝတ်ထားသော အဝတ်အစားများကို ယောင်ယမ်းကာ ငုံ့ကြည့်လိုက်မိသည်။ ယခုက သူ ယီကျင်ရှီးကို ပြန်တွေ့ဖို့ အဆင်သင့်မဖြစ်သေး၊ ပြီးတော့ ဒီလိုပုံစံနှင့်လည်း မတွေ့လို။

***

## အခန်း ၂၂

## အဲ့ဒီမိန်းကလေး နောက်ကျောပြင်က လော့စန်းနဲ့တူနေ

လော့စန်း လက်ထဲက အခါးရည်ခွက်ကို အမြန်ချထားလိုက်ပြီး လှည့်ပြော လိုက်သည်။

"မစ္စတာန့်ချန်၊ ရှင် အလုပ်ကိစ္စပြောစရာရှိတယ်ဆိုတော့ ကျွန်မ ထွက်နေလိုက်တာ ကောင်းမယ်ထင်တယ်"

"မင်းက ထွက်သွားစရာ လိုလို့လား၊ အဲ့အလုပ်ကိစ္စကို ဘယ်လိုနေနေ ငါက သဘောတူမှာလဲ မဟုတ်ဘဲ" န့်ချန်ကျွင်းထင် အလေးမထားဟန်၊ ပေါ့ပြက်ပြက်နှင့် စားပွဲခုံကို ခေါက်ရင်း ဆိုလိုက်သည်။

လော့စန်း တုန့်သွားမိတော့သည်။ ရှောင်စီလည်း မျက်လုံးမျက်ဆန်ပြူး သွားကာ၊

"မင်း ရူးသွားပြီလား၊ ဒီလောက် အမြတ်ထွက်မဲ့ ကိစ္စကို ငြင်းရလား"

"ငါက ပိုက်ဆံမရှိတာမို့လား"

န့်ချန်ကျွင်းထင်၏ ပျင်းရိပျင်းတွဲ အသံသြသြက ဆိုသည်။

"ငါတော့ ယီကျင်ရှီးလို လူစားတွေကို အထင်မကြီးဘူး... ဇနီးလောင်း အပေါ်ကိုတောင် ဖျံကျ အမြတ်ထုတ်သွားတာ၊ လိုချင်တာရတော့ အညှာ တာမရှိ ကန်ထုတ်လိုက်တယ်... အဲဒီလိုကောင်က မင်း အမြတ်ရအောင် လုပ်ပေးမယ်လို့ တကယ် ထင်နေတာလား။ ငါ သူနဲ့တော့ မဆုံဖူးပါဘူး၊ ဒါပေမဲ့ ဒီကောင် မြွေဆိုတာ သိတယ်၊ ဒီလိုလူတွေကို ငါ အမုန်းဆုံးဆိုတာ

မင်း သိသားပဲ၊ သူ့ကို တွေ့ကြည့်တာတောင် မင်း တောင်းဆိုထားလို့..."

ရှောင်စီမှာ ပါးစပ်အဟောင်းသားနှင့်။ သို့သော်လည်း ချန်ကျွင်းထင်သည် ပြောလျှင် ပြောသည့်အတိုင်း လုပ်တတ်သူမှန်း သူ သိသည်။

"မင်းပြောတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ အဲ့ဒီ ရှီမိသားစုကလူတွေ ခံရတာ နည်းတောင်နည်းသေးတယ်လေ၊ အဲ့ဒီ ရှီအဘိုးကြီးက သူ့အရွယ်မှမ ထောက် ကျောင်းသူလေးတွေကို လိင်အကြမ်းဖက်တာ ရှံ့စရာ မကောင်း ဘူးလား" သူက ဆိုသည်။

ချန်ကျွင်းထင် နှာခေါင်းရှုံ့လိုက်ပြန်သည်။

"အဲဒီကိစ္စက ရှံ့စရာကောင်းပေမဲ့ ယီကျင်ရှီး စနက်မပါဘူးလို့ ပြောလို့မရ ဘူး၊ ထားပါတော့... ငါက အမှန်တရားရဲ့ ဘက်တော်သားဆိုပြီး လိုက်ဖော်ဖို့ အစီအစဉ်မရှိဘူး၊ ဒီလိုကောင်မျိုးကိုပဲ ကြည့်မရတာ"

ထို့နေ့က မွန်းလွဲ ကျနေ၏ ရောင်ခြည်သည် ချန်ကျွင်းထင်၏ အချိုးကျ လှပသော မျက်နှာပေါ် ခစားလျက်ရှိနေခဲ့သည်။ သူ၏ မာန၊ သူ၏ ကျက်သရေကို မီးမောင်းထိုးပြနေသယောင်။ ဤမာနနှင့် ကျက်သရေတို့မှာ ချန်ကျွင်းထင်၏ ဝိသေသလက္ခဏာများပမာ သူ့ရုပ်သွင်နှင့် လိုက်ဖက်ကြည့် ကောင်းနေလေသည်။

လော့စန်း သူ့အား စက္ကန့်ပိုင်းများ ငေးကြောင်ကြည့်နေခဲ့မိသည်။ ထို ခဏ၌ လော့စန်း ရင်မှာ လှုပ်မထခဲ့ဘူးဟုဆိုလျှင် လိမ်ရာရောက်မည် လား။

လော့စန်းအဖေ ထောင်ကျသွားပြီးကတည်းက ဆွေမျိုးများ၊ အပေါင်းအသင်းများ ဖယ်ခွာသွားခဲ့ကြသည်။ လော့စန်းကို နည်းမျိုးစုံသုံး၊ ဆင်ခြေအကြောင်းပြချက်ပေး၍ ရှောင်နေခဲ့ကြသည်။ မီဒီယာများကလည်း

ယီကျင်ရှီးကို မိသားစု သံယောဇဉ်ထက် အမှန်တရားကို ဦးစားပေးသူဟု မှတ်ကျောက်တင်ကာ သတင်းခေါင်းကြီးမှာ ဖော်ပြခဲ့ကြသည်။ ထိုလူ၏ စက်ဆုပ်ဖွယ်ကောင်းမှုများကို မည်သူမျှ မသိကြ။

ရှီမိသားစုသာ မရှိလျှင်၊ လော့စန်းအဖေသာ ချောက်မချခံရလျှင်၊ လော့စန်းပိုင်ဆိုင်သမျှ လုမယူသွားခဲ့လျှင် ယီကျင်ရှီး ယနေ့ကဲ့သို့ အောင်မြင်နိုင်ပါ့မလား။

လော့စန်းသာ သူ့အဖေ ရှီကျန်းရွှမ်ရှေ့၌ ယီကျင်ရှီး ကောင်းကြောင်း ပြောမထားပေးလျှင် ယီကျင်ရှီးအတွက် စီးပွားရေးလောက ခြေတစ်လှမ်းအစပင် လှမ်းနိုင်ဦးလိမ့်မည် မဟုတ်။

မောက်မာဇီဇာကြောင်သော ချန်ကျွင်းထင်တစ်ယောက်သာ ယီကျင်ရှီးအပေါ် ထိုသို့ မှတ်ချက်ပြုခဲ့ခြင်း။ စီးပွားရေးလောက၏ ထိပ်ဆုံး၌ ရပ်နေသော်လည်း သူ့မှာ မှန်ကန်ဖြောင့်မတ်သော သဘောထားနှင့် မယိမ်းယိုင်သွားသော ခံယူချက်များ ရှိနေသေးသည်။ လောကမှာ သူလိုလူမျိုးက ခပ်ရှားရှား။

ရုတ်တရက်ဆိုသလို၊ လော့စန်းတစ်ယောက် ချန်ကျွင်းထင်အပေါ် ပို၍ အမြင် ကြည်လာတော့သည်။ အနည်းဆုံးတော့ ချန်ကျွင်းထင်မှာ ကြောင်သူတော်များထက် စိတ်ရင်းမှန်သေးသည်။

"မစ္စတာချန် ကျွန်မ သန့်စင်ခန်းသွားဖို့ လိုနေလို့" လော့စန်းက ရှောင်စီနှင့် စကားပြောနေသော ချန်ကျွင်းထင်အား ဝင်ဖြတ်ပြောလိုက်တော့သည်။

"ကြာရင်လဲ ကြာလောက်မယ်..."

လော့စန်းက အားနာနေဟန်နှင့် ထပ်ပေါင်းထည့်ပြောလိုက်သည်။

ချုန်ကျွင်းထင်မျက်နှာတော်လည်း ချက်ချင်းပင် ညိုမှောင်သွားခဲ့သည်ပဲ။

"သွားပါဗျ"

ရှောင်စီ လက်ပြလိုက်ပြီး ဆိုသည်။

"သူခများ မင်းနဲ့ တစ်နေကုန် အတူရှိပေးနေရတာ၊ အိမ်သာတက်တာတောင် သဘောရှိ မတက်ရဘူး… အခု ငါ မင်းကို စောင့်ပေးနေတာပဲ"

ထို့နောက် လော့စန်းကို လှမ်းပြောလိုက်သည်။

"စိတ်ချသွား…"

"ကျေးဇူးပါ မစ္စတာရှောင်"

လော့စန်း ရှောင်စီ့ကို ကျေးဇူးတင်စကားပြောပြီးသည်နှင့် ခေါင်းငုံ့လျက် ရုံးခန်းထဲမှ ထွက်လာခဲ့လိုက်သည်။

လော့စန်း ထွက်သွားပြီး မကြာခင်မှာပင် ဝတ်ကောင်းစားလှအပြည့်နှင့် ယီကျင်ရှီး ဓာတ်လှေကားထဲမှ ထွက်လာလေသည်။ ရင်းနှနေသော ကိုယ်ဟန်လေး စကြံလမ်းအဆုံး၌ ကွယ်ပျောက်သွားသည်ကို သူ တွေ့ဖြစ်လိုက်သည်။

သူ မျက်ဝန်းများကို မှေးစင်းလိုက်မိတော့သည်။ သူ့စိတ်ထဲမှာတော့ ထင်ယောင်ထင်မှားများ ဖြစ်မိသလားဟုလည်း ထင်နေမိသည်။

ထိုမိန်းကလေးက အဘယ်ကြောင့် ရှီလော့စန်းနှင့် သိပ်တူနေရသလဲ။ သို့သော်လည်း ရှန့်ထင်ရင်းနှီးမြုပ်နှံရေး ကုမ္ပဏီအဆောက်အဦတွင်း လော့စန်း ရောက်နေစရာ အကြောင်းမရှိ စသည့်အတွေးများက သူ့ခေါင်းထဲ ဝင်လာပြန်သည်။

"မစ္စတာယီ ဘာများဖြစ်လို့လဲ…"

လုခန်းက မေးလိုက်သည်။ သူက ယီကျင်ရှီးကို ရုံးခန်းအဝင်လမ်းလာပြ

ခြင်း။ ထိုအခိုက်၌ ယီကျင်ရှီး ရုတ်တရက် ရပ်သွားခဲ့ခြင်းဖြစ်သည်။

"ဘာမှ မဟုတ်ပါဘူး" ယီကျင်ရှီး ခေါင်းခါယမ်းရင်း အတွေးတို့ကို ရှင်းကာ CEO ရုံးခန်းတွင်း ဝင်လိုက်တော့၏။

လော့စန်းကတော့ သန့်စင်ခန်းထဲ ၅ မိနစ်မျှ အချိန်ဖြုန်းနေလိုက်သည်။ နောက်တော့ သူ အပြင်ထွက်လာတော့ လုခန်း အတွင်းရေးမှူးခုံမှာ အလုပ်ပြန်လုပ်နေသည်ကို တွေ့လေ၏။ ချန်ကျွင်းထင် ယီကျင်ရှီးနှင့် တွေ့ဆုံဆွေးနွေးခြင်း မပြီးဆုံးသေးကြောင်း သိလိုက်ရတော့ သူ လုခန်းကို မေးကြည့်လိုက်သည်။

"ကျွန်မ အခုနေ ဝင်သွားလို့ မကောင်းဘူးထင်တယ်၊ ညော့်ကြိုကောင်တာမှာ ခဏလောက်သွားနေလို့ရမလား..."

***

# အခန်း ၂၃

## သူမကို ရှာရမယ်

"ရတာပေ့ါ မစ္စတာရီ ထွက်လာရင် မင်းကို ပြောမယ်"

အလုပ်များနေသည့် လုခန်းက ခေါင်းညိတ်လိုက်သည်။

ဓာတ်လှေကားဘေးတွင် ဧည့်ကြိုကောင်တာ ရှိသည်။ သူမက အထဲသို့ ဝင်ပြီးနောက် အပြင်မှ လူများ မမြင်ရစေရန် ပြတင်းပေါက် လိုက်ကာကို ဆွဲချလိုက်သည်။ သူမက မိနစ်သုံးဆယ်ခန့် စောင့်ပြီးနောက် ရင်းနှီးနေသည့် ခြေသံများကို ကြားလိုက်ရ၏။ ယခင်က သူမသည် ထိုစည်းချက်ကို သူမ အိပ်ခန်းထဲတွင် မရေမတွက်နိုင်အောင် ကြားဖူးသည်။ သူမက အသံကြားသည်နှင့် အသံရှင်ကို ကြိုရန် တံခါးဖွင့်ဖို့ရာ စိတ်အားထက်သန်စွာ စောင့်နေကျဖြစ်သည်။

သို့သော် ယခုမူ သူမရင်က တဒုတ်ဒုတ် ခုန်နေသည်။ သူမက စိတ်လှုပ်ရှားလာပြီး ခေါင်းငုံ့ထားကာ အသက်ရှူရန်တောင် ခက်ခဲလာသည်။

"မစ္စတာရီ ကျွန်တော်တို့ အရေးကြီးတဲ့ ကိစ္စပြောတိုင်း ရှန်ကျွင်းထင်က အကြောင်းအရာ ပြောင်းပစ်တယ်။ သူက ကျုပ်နဲ့ အလုပ်တွဲလုပ်ချင်တဲ့ပုံ မပေါ်ဘူး"

ထိုလူက အသံတိုးတိုးဖြင့် စကားဆိုလာသည်။ ထို့သို့တိုင် လော့စန်းက ထိုအသံကို ချက်ချင်း မှတ်မိသည်။ သူ့အမည်က ကျန်းကျွင်းဖြစ်ပြီး ရှန်ကျွင်းထင်၏ နောက်ကလိုက်နေကျ ကျောင်းသား ဖြစ်သည်။ ယခုမူ ယီကျင်ရှီး၏

ညာလက်ရုံး ဖြစ်လာသည့်ပုံပေါ်သည်။

"ငါသိတယ်"

ယီကျင်ရှီး၏ အသံက တယောအကြီးမှ ထွက်လာသည့် အသံကဲ့သို့ လေးနက်တည်ငြိမ်သည်။

"ချန်ကျွင်းထင်က မောက်မာ ဝင့်ကြွားတဲ့လူပဲ။ သူနဲ့ အလုပ်တွဲလုပ်နိုင်ရင်တော့ ကောင်းတာပေါ့။ ဒါပေမဲ့ အလုပ်တွဲမလုပ်နိုင်ရင်တော့လဲ နည်းလမ်းပြောင်းရုံပဲပေါ့"

"တခြားရင်းနှီးမြုပ်နှံမှု ကုမ္ပဏီကြီးတွေကို ရှာဖို့က မခက်ခဲပါဘူး။ ကမ္ဘာပေါ်မှာ သူ့ကုမ္ပဏီတစ်ခုတည်း ရှိတာ မဟုတ်ပါဘူး"

ကျန်းကျွင့်က ရှုတ်ချပြီး ပြောသည်။

"ရှမြို့တော်မှာ လော့စန်းရှိနေတယ်လို့ ပြောခဲ့တာ မဟုတ်ဘူးလား။ သူ့ကို ရှာဖို့ မင်းတစ်ချိန်လုံး ကြိုးစားခဲ့ပေမဲ့ ဘာလို့ သူ့အကြောင်း ဘာမှ မကြားရသေးတာလဲ"

ယီကျင်ရှီးက အေးတိအေးစက် တုံ့ပြန်သည်။

"မဟုတ်ဘူး ကျွန်တော် သူ့ကို မရှာရသေးဘူး။ နာမည် ပြောင်းထားတယ်လို့ ကျွန်တော် ထင်တယ်"

ကျန်းကျွင့်က ပြောသည်။

"ဘယ်လိုပဲ ဖြစ်ဖြစ် တစ်မြို့လုံးကို ရှာဖို့ လိုအပ်ရင်တောင် သူ့ကို တွေ့အောင် ရှာရမယ်"

ဓာတ်လှေကားမှ ဘဲလ်သံထွက်လာသည်နှင့် အမျိုးသား နှစ်ယောက်၏ အသံက တဖြည်းဖြည်း တိုးသွားတော့သည်။

လော့ကျန်းက တောင့်နေသည်။ သူမ၏ ကိုယ်က ရုပ်တုနှယ်ဖြစ်နေသည်။

သူမကို ယီကျင်ရှီး ရှာနေဦးမည်ဟု မထင်ထားပေ။ သူမက ယခု ဘာကောင်မှ မဟုတ်တော့ပေ။ သူက ကုမ္ပဏီကို ယူသွားပြီး သူမ၏ လေ့လာသင်ယူမှုနှင့် အသက်မွေးဝမ်းကြောင်းကို ဖျက်ဆီးခဲ့သည်။ သူပြောခဲ့သည့်အတိုင်းပင် သူမက ထိုမက်မောဖွယ် အသိုင်းအဝိုင်းထဲမှာ မရှိတော့ပေ။ အကြောင်းမှာ ကျုံးရိုက ထိုနေရာတွင် ရှိနေပြီ ဖြစ်သောကြောင့်ပင်။ ဒါပေမဲ့ သူမကို ဘာကြောင့် ဆက်ရှာနေရတာလဲ။ လှတပတ ချစ်သူ ရှိတဲ့ သန်းကြွယ်သူဌေး ဖြစ်နေပြီ မဟုတ်ဘူးလား။ သူ ဘာလိုချင်နေတာလဲ။ လော့စန်းကို ညှဉ်းပန်းလို့ မဝသေးဘူးလို့ ခံစားနေရလို့လား။

သူမ၏ ဖခင် ထောင်ကျပြီးနောက် ယီကျင်ရှီးနှင့် ကျုံးရိုသည် သူမကို ပြက်ရယ်ပြုရန် မကြာခဏပေါ်လာတတ်ကြောင်း သူမ မှတ်မိသေးသည်။ သူတို့က သူမကို စော်ကားရတာကို နှစ်ခြိုက်နေကြသည်။ ဒီလို ဆက်လုပ်ဖို့ စီစဉ်နေသေးတာလား။

ထိုသို့ တွေးမိရုံမျှဖြင့် သူမကို တုန်လှုပ်သွားစေသည်။

လုခန်းက အတွင်းသို့ ဝင်လာကာ

"မစ္စလော့စန်း ဧည့်သည်တွေ ထွက်သွားပါပြီ။ မစ္စတာချန်က ခေါ်နေပါတယ်"

"ကောင်းပါပြီ"

လော့စန်းက စိတ်တည်ငြိမ်အောင် ထားပြီး ရုံးခန်းထဲသို့ အလျင်စလို ဝင်လာခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ ယခုအချိန်တွင် ချန်ကျွင်းထင်နှင့် နေခြင်းက သူမအတွက် အလုံခြုံဆုံးနည်း ဖြစ်ပုံပေါ်သည်။

သူမ ပေါ်လာတာကို မြင်သောအခါ ချန်ကျွင်းထင်က နှာခေါင်းရှုံ့ကာ

"မင်းက သန့်စင်ခန်းထဲမှာ တော်တော် ကြာနေတာပဲ။ မင်းကို အိမ်သာထဲ

ပြုတ်ကျသွားပြီတောင် ထင်တာ"

လော့စန်းက ပြန်မပြောပေ။ ရှောင်စီက သူမကို ကာပြောရန် ချန်ကျွင်းထင်ကို ပြောလိုက်သည်။

"ငါတော့ မင်းပြောတာ လက်မခံဘူး။ ငါတို့ အစည်းအဝေးလုပ်နေတာကို အနှောင့်အယှက်ဖြစ်မှာစိုးလို့ သူမက အပြင်မှာ စောင့်နေတာ။ သူမက အတော်လေး သိတတ်မှုရှိတယ်လို့ ငါထင်တယ်။ သူမက လူနာစောင့်ကောင်းပါ။ မင်း ကျေနပ်သင့်တယ်။ ငါသွားတော့မယ်။ မင်းလို မျက်နှာထားဆိုးတဲ့ကောင်နား ခပ်ကြာကြာ မနေချင်တော့ဘူး"

...

သူတို့ ဗီလာသို့ ပြန်ရောက်ချိန်တွင် နေ့လယ် တစ်နာရီ ထိုးနေပြီဖြစ်သည်။ ချန်ကျွင်းထင်က ဗိုက်မဆာသော်လည်း ရှီလော့စန်းက ဗိုက်ဆာနေပြီဖြစ်သည်။ နောက်ဆုံးတွင် သူမက လက်ထဲတွင် ပန်းကန်လုံးတစ်လုံးနှင့် တူတစ်စုံကိုင်ကာ ထမင်းစား စားပွဲတွင် ထိုင်လိုက်သည်။ သူမက နှစ်ခြိုက်စွာ စားသုံးနေသည်။

ချန်ကျွင်းထင်က မျက်မှောင်ကြုတ်ကာ သူမကို စိုက်ကြည့်နေသည်။ မုရုံချန်းက သူမကို သူနှင့် အတူစားနိုင်သည်ဟု ပြောပြီးချိန်မှ စကာ လော့စန်းသည် ပိုပိုပြီး ယဉ်ကျေးမှု မဲ့လာသည်ဟု သူ ယုံကြည်သည်။ ယခု သူမကို ဝေဖန်ချင်နေသည်။ သို့သော် သူမက ခပ်သွက်သွက် စားနေသည့်တိုင် ဝါးစားသံ ဆူညံသံမထွက်ဘဲ ပန်းကန်လုံးနှင့် တူကို အေးဆေးကိုင်ထားတာ တွေ့ရသည်။ ထို့အပြင် တူဖြင့် စားစရာ ကိုင်တွယ်သည့်ပုံက အဆင်ပြေလှသည်။ တကယ်တော့ သူမ စားသောက်ပုံက သူတွေ့ဖူးသည့် ဂုဏ်သရေရှိ မိသားစုများမှ မိန်းမပျိုလေးများကဲ့သို့ ရည်မွန်သည်။

လော့စန်းက အကြည့်ကို အာရုံခံမိသွားသည်။ ထို့ကြောင့် ခေါင်း

မော့ကြည့်ချိန် မတော်တဆ အကြည့်ချင်း ဆုံသွားသည်။ သူက အတွေးထဲ နစ်နေပုံပေါ်သည်။

စောစောက အခြေအနေကို မြင်ပြီးနောက် လော့စန်းက သူ့အပေါ် အမြင် ပိုကောင်းလာသည်။ ကြွယ်ဝချမ်းသာသည့် မိသားသူမှ သူဌေးများစွာကို သူမ မြင်ဖူးသည်။ သို့သော် အားလုံးက မောက်မာဝင့်ကြွားပြီး လူအများ အထက်တွင် ရပ်နေသည်ဟု စိတ်ကြီးဝင်နေကြသည်။ အချို့သော ဘာမှ မယ်မယ်ရရမရှိဘဲ ဖြုန်းတီးနေကြသည်။ ချန်ကျွင်းထင်က သူတို့နှင့် မတူပေ။ သူက ဝင့်ကြွားသော်လည်း ဖြောင့်မတ်ပြီး အလုပ် လုပ်ရာတွင် ထူးချွန်သည်။

***